ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄– ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၃။ )

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌အကျိုးသက်ရောက်စေရမည်။

### အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၃၊၂၊၁၄

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၂၄. ၀၈၂ | | | ၆၉၇. ၀၅၁ | | | |
| ၂ | ၂ | **ပြည်နယ်လွှတ်တော်** | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | - | | | ၂၈. ၈၀၇ | | | |
| ၃ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | - | | | ၂၀. ၀၀၀ | | | |
| ၄ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၂. ၉၅၁ | | | - | | | |
| | | ပေါင်း | | ၉၇၇. ၀၃၃ | | | ၇၄၅. ၈၅၈ | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့ များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၅. ၇၃၇** | | | **၁၄၃. ၅၅၇** | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | - | | | ၁၀၉. ၆၇၇ | | | |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃. ၆၈၃ | | | - | | | |
| | | ၃။ မီးသတ်ဦးစီးဌာန | | ၂. ၀၅၄ | | | ၃၃. ၈၈၀ | | | |
| ၂ | ၂ | သမဝါယမ | ၄င်း | ၁၆. ၂၂၇ | | | ၂. ၉၀၂ | | | |
| | | ၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀. ၉၁၄ | | | ၂. ၉၀၂ | | | |
| | | ၂။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း | | ၅. ၃၁၃ | | | - | | | |
| ၃ | ၃ | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | ၄င်း | **၃၈. ၂၉၉** | | | - | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၃၅. ၈၃၂ | | | - | | | |
| | | ၂။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦစီးဌာန | | ၂. ၄၆၇ | | | - | | | |
| ၄ | ၄ | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၄င်း | **၁၀. ၆၆၄** | | | ၀. ၈၀၀ | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၁၀. ၆၆၄ | | | ၀. ၈၀၀ | | | |
| ၅ | ၆ | **အားကစား** | ၄င်း | **၁၀၅. ၀၈၈** | | | - | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၀၅. ၀၈၈ | | | - | | | |
| ၆ | ၈ | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၁၉. ၅၈၄** | | | - | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၉. ၅၈၄ | | | - | | | |
| ၇ | ၉ | **ဆောက်လုပ်ရေး** | ၄င်း | **၂၆၅၁. ၁၃၅** | | | **၁၄၈၂. ၃၃၇** | | | |
| | | ၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | - | | | ၂၄. ၃၃၇ | | | |
| | | ၂။ အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၂၆၅၁. ၁၃၅ | | | ၁၄၅၈. ၀၀၀ | | | |
| ၈ | ၁၀ | **စည်ပင်သာယာရေးအဖွဲ့** | ၄င်း | **၁၇၈. ၀၇၅** | | | **၂၇၇. ၁၀၈** | | | |
| | | ၁။ စည်ပင်သာယာရေးအဖွဲ့များ | | ၁၇၈. ၀၇၅ | | | ၂၇၇. ၁၀၈ | | | |
| | | ပေါင်း | | **၃၀၂၄. ၈၀၉** | | | **၁၉၀၆. ၇၀၄** | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | **လျှပ်စစ်စွမ်းအား** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | - | | | **၇၀၉၂· ၇၀၉** | | | |
| | | ၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | - | | | ၇၀၉၂· ၇၀၉ | | | |
| ၂ | ၃ | **သတ္တုတွင်း** | ၄င်း | - | | | **၂၈· ၇၁၀** | | | |
| | | ၁။ မြန်မာ့ဆားနှင့် အဏ္ဍဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | - | | | ၂၈· ၇၁၀ | | | |
| | | **ပေါင်း** | | - | | | ၇၁၂၁· ၄၁၉ | | | |